# သတင်းထုတ်ပြန်ချက်

မတ်လ ၃ ရက်၊ ၂၀၂၅ မြန်မာစံတော်ချိန် ၀၇၀၀ (UTC ၀၀၃၀) အထိ တားမြစ်ထားသည်

# S&P Global မြန်မာထုတ်လုပ်မှု PMI™

## ဖေဖော်ဝါရီလ၌ မြန်မာနိုင်ငံ ထုတ်လုပ်ရေးကဏ္ဍ၏ အခြေအနေ ကောင်းမွန်မှုတွင် ပိုမို၍ ကျဆင်းလာသည်

### အဓိက တွေ့ရှိချက်များ


ထုတ်လုပ်မှုနှင့် အမှာစာအသစ်များ ဆက်လက်လျော့ကျနေသည်

အလုပ်ဖြုတ်တောက်မှုသည် သုံးလအတွင်း အားအကောင်းဆုံး ဖြစ်သည်

လက်ဝယ်ရှိ ပစ္စည်းများကို သိသိသာသာ လျှော့ချခဲ့သည်

S&P Global မြန်မာ ထုတ်လုပ်မှု PMI

ညှိကိန်း >၅၀ = ယခင်လနောက်ပိုင်း တိုးတက်မှု




ရင်းမြစ်– S&P Global PMI.
ဒေတာကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၀–၂၀ ရက်အတွင်း စုဆောင်းခဲ့သည်။

လုပ်ငန်းဆောင်ရွက်မှု အခြေအနေများသည် နောက်တစ်ကြိမ် ထပ်မံ၍ ယိုယွင်းနေပြီး ဖေဖော်ဝါရီလတွင် မြန်မာနိုင်ငံ ထုတ်လုပ်ရေး ကဏ္ဍ၏ အလုံးစုံ အခြေအနေသည် နှစ်စပိုင်းတွင် တွေ့မြင်ခဲ့ရသော အခြေအနေများကဲ့သို့ပင် များစွာတူညီခဲ့သည်။ ကျဆင်းမှုများသည် ဇန်နဝါရီလတွင် ရှိခဲ့သည်ထက် ပြင်းထန်မှု ပိုမိုနည်းပါးသော်လည်း ထုတ်လုပ်မှုနှင့် အမှာစာအသစ် နှစ်မျိုးစလုံးတွင် လျော့ကျမှုများကို တွေ့ကြုံခဲ့ရသည်။ အလုပ်ထွက်မှုများ ရှိနေပြီး ကုမ္ပဏီများသည် ၎င်းတို့၏ လုပ်သားအင်အားစုများကို ထိန်းသိမ်းထားရန် ရုန်းကန်ခဲ့ရသောကြောင့် အလုပ်ဖြုတ်တောက်မှု ဆက်ရှိနေခဲ့သည်။

ထို့အပြင် ပစ္စည်း၊ စွမ်းအင်နှင့် လုပ်သား ပြတ်လပ်မှုများက လုပ်နိုင်စွမ်းအပေါ် ဖိအားများ ပို၍တိုးစေခဲ့သည်။ ယင်းအပြင် လာမည့်နှစ်အတွက် ရှုမြင်သုံးသပ်ချက်နှင့် ပတ်သက်၍ အကောင်းမြင်စိတ်ကို ပြသခဲ့သည့်တိုင် လုပ်ငန်းလိုအပ်ချက်များ လျော့နည်းလာမှုကို ရင်ဆိုင်ရာတွင် ကုမ္ပဏီများက ဆက်လက်၍ သတိထားနေခဲ့ကြသည်။ ဝယ်ယူရေး လုပ်ဆောင်မှုကို လျှော့ချခဲ့ပြီး လက်ကျန်ပစ္စည်း အဆင့်များကို သိသိသာသာ နည်းပါးစေခဲ့သည်။

အမှာစာအသစ်များ၊ ထုတ်လုပ်မှု၊ အလုပ်ခန့်အပ်မှု၊ ပစ္စည်းပေးသွင်းသူ ပေးပို့ချိန်များနှင့် ဝယ်ယူမှုများ၏ လက်ဝယ်ရှိ ပစ္စည်းများဖြင့် တွက်ချက်ထားသည့် ထုတ်လုပ်ရေး စွမ်းဆောင်ရည်အတွက် ဂဏန်းတစ်လုံးတည်း ပေါင်းစပ်ထားသော အညွှန်းကိန်း ခေါင်းစီး S&P Global မြန်မာ ထုတ်လုပ်မှု PMI® သည် ဇန်နဝါရီလတွင် ၄၇.၄ ရှိခဲ့ရာမှ ဖေဖော်ဝါရီလတွင် ၄၈.၅ သို့ တက်လာခဲ့ပြီး မြန်မာနိုင်ငံ၏ ထုတ်လုပ်ရေးကဏ္ဍ၏ အခြေအနေ ကောင်းမွန်မှုတွင် နှစ်လဆက်တိုက် ယိုယွင်းမှုရှိကြောင်း ပြသခဲ့သည်။ ဤသို့ဖြစ်စေကာမူ ခေါင်းစီးကိန်းဂဏန်း မြင့်လာခြင်းက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများသည် ပိုမိုနှေးကွေးသော နှုန်းတစ်ခုဖြင့် ဆိုးရွားနေကြောင်း ညွှန်ပြခဲ့သည်။

ခေါင်းစီးအညွှန်းကိန်းတွင် တိုးတက်မှုအနည်းငယ် ရှိလာခြင်းက ထုတ်လုပ်မှုနှင့် အမှာစာအသစ် နှစ်မျိုးစလုံးတွင် ကျဆင်းမှုများ ပိုမိုနှေးကွေးလာသည်ကို အဓိကအားဖြင့် ထင်ဟပ်ခဲ့သည်။

မည်သို့ပင်ဖြစ်စေ လုပ်ငန်းလိုအပ်ချက်များ လျော့နည်းလာခြင်းက ဖေဖော်ဝါရီလတွင် ထည့်ကုန် ဝယ်ယူရေး လုပ်ဆောင်မှုသည်လည်း ပိုမို၍ ကျဆင်းခဲ့ကြောင်း ဆိုလိုခြင်း ဖြစ်ခဲ့သည်။ သို့ရာတွင် လျော့ကျမှုနှုန်းသည် ဇန်နဝါရီလ၌ တွေ့ခဲ့ရသည့် လျင်မြန်သော ကျဆင်းမှုထက် သိသိသာသာ ပိုမို၍ ညင်သာခဲ့သည်။

မြန်မာနိုင်ငံရှိ ကုန်ထုတ်လုပ်သူများအကြား လက်ကျန်ပစ္စည်းများအပေါ် သဘောထားများသည်လည်း တစ်သမတ်တည်း ဆက်ရှိနေခဲ့ပြီး ထုတ်လုပ်မှုအကြိုနှင့် ထုတ်လုပ်ပြီး ကုန်ပစ္စည်းများကို သိုမှီးထားမှုသည် သိသာသော နှုန်းများဖြင့် နည်းပါးလာခဲ့သည်။ အမှာစာအသစ်များ ပိုနည်းလာခြင်းနှင့် ကုန်ပစ္စည်းများကို ချက်ချင်း တင်ပို့ခြင်းတို့က နောက်ဆုံးရ ဖြတ်တောက်မှုများနှင့် များစွာ ဆက်စပ်နေခဲ့သည်။

### သုံးသပ်ချက်

နောက်ဆုံးရ စစ်တမ်းရလဒ်များအပေါ် S&P Global Market Intelligence ရှိ စီးပွားရေးပညာရှင် Maryam Baluch က ပြောကြားသည်မှာ –

*"ဆက်လက်ဖြစ်ပွားနေတဲ့ လက်နက်ကိုင် ပဋိပက္ခက အလုံးစုံ စီးပွားရေး စွမ်းဆောင်ရည်အပေါ် ဆက်လက်ဖိအားပေးနေတာကြောင့် ဖေဖော်ဝါရီလမှာ မြန်မာနိုင်ငံရဲ့ ထုတ်လုပ်ရေးကဏ္ဍက ဆက်လက်ပြီး ကျဆင်းခဲ့ပါတယ်။ ထောက်ပံ့ရေးအပိုင်းမှာ စိန်ခေါ်မှုတွေ ဆက်ရှိနေခဲ့ပြီး ကုန်ပစ္စည်း ပြတ်လပ်မှုတွေ၊ ဝယ်ယူမှုတွေအတွက် ပေးပို့ချိန် ကြာရှည်မှုတွေနဲ့ စွမ်းအင်ထောက်ပံ့မှု ပြဿနာတွေကို ခြုံငုံပြသနေပါတယ်။ ယူအက်စ်ဒေါ်လာနဲ့ နှိုင်းယှဉ်ရင် ကျပ်ငွေတန်ဖိုး ကျဆင်းမှုကလည်း ထုတ်လုပ်သူတွေအတွက် နောက်ထပ်စိန်ခေါ်မှုတွေ ဖြစ်စေခဲ့ပြီး ကုန်ကျစရိတ်တွေကို မြင့်တက်စေခဲ့ပါတယ်။ အလုပ်သမားတွေက တခြားနေရာတွေမှာ ပိုကောင်းတဲ့ အခွင့်အရေးလမ်းတွေရှာဖွေကြတာနဲ့ စစ်မှုထမ်းဥပဒေက သက်ရောက်မှုတစ်ခုကိုဆက်ဖြစ်စေခဲ့တာတွေကြောင့် အခက်အခဲဖြစ်နေတဲ့ အလုပ်သမား ဈေးကွက်တစ်ခုကို နောက်ဆုံးရ ဒေတာမှာ မီးမောင်းထိုးပြခဲ့ပါတယ်။*

*"ဒါပေမယ့်လည်း အလုံးစုံ ထုတ်လုပ်ရေး ဦးစိုက်မှုက သက်သာခဲ့ပြီး PMI က ခြောက်လအတွင်း ငါးကြိမ်အထိ မြင့်တက်ခဲ့ကာ ဖေဖော်ဝါရီလမှာ ရေရှည်ပျမ်းမျှကိန်း (၄၈.၁) ထက် အနည်းငယ် မြင့်တက်ခဲ့ပါတယ်။ ၁၂ လစာ ရှုမြင်သုံးသပ်ချက်က အပြုသဘောဆောင်ခဲ့ပေမယ့်လည်း ကပ်ရောဂါကာလ မတိုင်မီ အလားအလာထက်စာရင် အများကြီးပိုပြီး အားနည်းနေပါသေးတယ်။"*

PMI®
by S&P Global

© 2025 S&P Global

ထုတ်လုပ်သူများသည် ၎င်းတို့၏ ဝန်ထမ်းအဆင့်များကို ထိန်းသိမ်းထားရန် ဆက်လက်ကြိုးစားနေရကြောင်း အလုပ်ခန့်အပ်မှု အနေအထားက ပိုမို၍ မီးမောင်းထိုးပြခဲ့သည်။ စစ်မှုထမ်းဥပဒေနှင့် ငွေကြေးဆိုင်ရာ တိုးတက်မှု မရှိခြင်းတို့ကြောင့် တွန်းအားဖြစ်လေ့ရှိသော အလုပ်ထွက်မှုများသည် အလုပ်သမားကို ၎င်းတို့၏ မွေးရပ်မြေများကို ပြန်စေရန် သို့မဟုတ် ပြင်ပတွင် အခွင့်အလမ်းများကို ရှာဖွေရန် ဖြစ်စေခဲ့သည်။

ပြင်းထန်သော အလုပ်သမား ပြတ်လပ်မှုများကလည်း ထုတ်လုပ်ရေးကဏ္ဍ တစ်ဝန်းတွင် လက်ကျန်အလုပ်များ ဆက်လက်စုပုံလာသည့် အကြောင်းရင်းများအနက် တစ်ခုဖြစ်ကြောင်း ရည်ညွှန်းခဲ့သည်။ သို့ရာတွင် ကုန်ပစ္စည်း ရှားပါးမှုသည် လုပ်ဆောင်နိုင်စွမ်းအပေါ် ဖိအားများ တိုးလာစေသည့် အဓိကအချက် ဆက်ဖြစ်နေခဲ့ပြီး အချို့သော လုပ်ငန်းများက စွမ်းအင်ပြတ်တောက်မှုများကိုလည်း မှတ်ချက်ပေးခဲ့ကြသည်။ ရလဒ်အနေဖြင့် အလုပ်မပြီးစီးမှုသည် ဇန်နဝါရီလတွင် တွေ့မြင်ခဲ့ရသည့် မှတ်တမ်းတစ်လျှောက် အမြင့်ဆုံးနီးပါး ဖြစ်ခဲ့သည်နှင့်စာလျှင် သိသာစွာ ပိုမို၍ ညင်သာခဲ့သော်လည်း များပြားသော နှုန်းတစ်ခုဖြင့် မြင့်တက်ခဲ့သည်။


သွင်းကုန်လိုင်စင်များ ရရှိရန် အခက်အခဲများနှင့်အတူ ကုန်ပစ္စည်း ပြတ်လပ်မှုများသည် အချိန်မီ ပို့ဆောင်နိုင်စေရန်အတွက် စိန်ခေါ်မှု ဖြစ်စေခဲ့သောကြောင့် ဝယ်ယူမှုများအတွက် ထောက်ပံ့ရေး ကွင်းဆက်များသည်လည်း ဖိအားအောက်တွင် ဆက်လက်ရှိနေခဲ့သည်။ ဝယ်ယူမှုများအတွက် ပျမ်းမျှပေးပို့ချိန်များသည် လေးနှစ်ခွဲ ကြာသည်အထိ စဉ်ဆက်မပြတ် တိုးလာခဲ့ပြီး နောက်ဆုံး ကြာမြင့်ချိန်သည် သုံးလအတွင်း အသိသာထင်ရှားဆုံး ဖြစ်ခဲ့သည်။

ဈေးနှုန်းများကိုကြည့်လျှင် ဖေဖော်ဝါရီလတွင် ဇန်နဝါရီလနောက်ပိုင်း ငွေကြေးဖောင်းပွမှုဆိုင်ရာ ဖိအားများ အနည်းငယ် သက်သာလာသည်ကို တွေ့ခဲ့ရသည်။ ဤသို့ဖြစ်စေကာမူ ဝယ်ယူမှု ကုန်ကျစရိတ်နှင့် ထုတ်လုပ်မှု အဖိုးအခ နှစ်မျိုးစလုံးသည် အလုံးစုံအားဖြင့် သိသာသော နှုန်းများဖြင့် မြင့်တက်ခဲ့သည်။ ထပ်မံ၍လည်း ဝယ်ဈေးများ မြင့်တက်လာခြင်း၏ အဓိကအချက်သည် ကုန်ပစ္စည်း ပြတ်လပ်မှုများ ဖြစ်ခဲ့သည်။ ယူအက်စ်ဒေါ်လာနှင့်စာလျှင် ကျပ်ငွေတန်ဖိုး နိမ့်ကျခြင်းကိုလည်း ထောက်ပြခဲ့ကြသည်။

နောက်ဆုံးအနေဖြင့် မြန်မာနိုင်ငံ တစ်ဝန်းရှိ ထုတ်လုပ်ရေး ကုမ္ပဏီများသည် လာမည့် ၁၂ လအတွက် အကောင်းမြင်သော ရှုမြင်သုံးသပ်မှုကို ဆက်လက်ထားရှိခဲ့ကြသည်။ ထို့အပြင် ဝယ်လိုအား အလားအလာများ တက်လာကာ ထုတ်လုပ်မှုကို ပိုမိုမြင့်မားစေမည်ဟု လုပ်ငန်းများက မျှော်လင့်ကြခြင်းနှင့်အတူ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ နောက်ပိုင်းတွင် ယုံကြည်စိတ်ချမှုသည် အမြင့်ဆုံး ဖြစ်ခဲ့သည်။ ဤသို့ဖြစ်စေကာမူ လုပ်ငန်းအများစုသည် လာမည့်နှစ်အပေါ် ရှုမြင်သုံးသပ်ချက်အတွက် အလယ်အလတ် သဘောထားကို ဆက်လက်ထားရှိခဲ့ကြသည်။

## PMI အလုပ်နေရာများ အညွှန်းကိန်း

ညှိကိန်း >၅၀ = ယခင်လနောက်ပိုင်း တိုးလာမှု




ရင်းမြစ်– S&P Global PMI.

## ဆက်သွယ်ရန်

Maryam Baluch
Economist
S&P Global Market Intelligence
T: +44-13-4432-7213
maryam.baluch@spglobal.com

SungHa Park
Corporate Communications
S&P Global Market Intelligence
T: +82 2 6001 3128
sungha.park@spglobal.com
press.mi@spglobal.com

S&P Global ၏သတင်းထုတ်ပြန်ချက်များကို ရယူရန်မလိုလားပါက ကျေးဇူးပြု၍ press.mi@spglobal.com. သို့ ဆက်သွယ်ပါ။ ကျွန်ုပ်တို့၏ ကိုယ်ရေးလုံခြုံမှု မူဝါဒကို ဖတ်ကြားရန် ဤနေရာတွင် နှိပ်လိုက်ပါ။

### စစ်တမ်း နည်းစနစ်

S&P Global မြန်မာ ထုတ်လုပ်မှု PMI® ကို S&P Global သည် ထုတ်လုပ်သူ ၄၀၀ ခန့်ပါဝင်သည့် အဖွဲ့များမှ ထည့်ကုန် ဝယ်ယူရေး မန်နေဂျာများထံ ပို့ပေးသည့် မေးခွန်းလွှာများအတွက် ရရှိခဲ့သည့် ဖြေကြားချက်များကို အခြေခံ တွက်ချက်ပါသည်။ အဖွဲ့များကို GDP အား ထောက်ပံ့မှုကို အခြေခံပြီး အသေးစိတ်ကဏ္ဍနှင့် လုပ်သားအင်အား ပမာဏ အမျိုးမျိုး ပါဝင်အောင် ရွေးခဲ့သည်။ ဒေတာ စုစည်းမှုကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာတွင် စတင်ခဲ့သည်။

စစ်တမ်းအတွက် ဖြေကြားချက်များကို လစဉ် ဒုတိယ လဝက်ပိုင်းမှာ ကောက်ခံခြင်းဖြစ်ပြီး ယခင်လနှင့်နှိုင်းယှဉ်ပြီး ပြောင်းလဲမှုကို ညွှန်ပြပါသည်။ စစ်တမ်း၏ ကိန်းရှင်တိုင်း အတွက် ပျံ့နှံ့မှု အညွှန်းကိန်းကို တွက်ချက်ပါသည်။ အညွှန်းကိန်းမှာ 'ပိုမြင့်သည့်' ဖြေကြားချက်များ၏ ရာခိုင်နှုန်းနှင့် 'အပြောင်းအလဲမရှိ' ဟု ဖြေခဲ့ကြသူတို့၏ ရာခိုင်နှုန်း တစ်ဝက်ကို စုပေါင်းမှု ဖြစ်ပါသည်။ အညွှန်းများမှာ ၀ နှင့် ၁၀၀ အကြား ရှိနိုင်ပြီး ၅၀ အထက်တွင် ရှိနေပါက ခြုံပြောရလျှင် ယခင်လထက် တိုးတက်မှုကို ပြပြီး၊ ၅၀ အောက် ဆိုပါက ခြုံကြည့်လျှင် ကျဆင်းမှုကို ညွှန်ပြ ပါသည်။ ယင်းနောက်မှာ အညွှန်းကိန်းများကို ရာသီအလိုက် ညှိပေးရပါသည်။

အဓိကအကျဆုံး အညွှန်းကိန်းမှာ ထည့်ကုန်ဝယ်ယူရေးမန်နေဂျာများ၏ အညွှန်းကိန်း Purchasing Managers' Index™ (PMI) ဖြစ်ပါသည်။ PMI မှာ အောက်ပါ အညွှန်းကိန်း ငါးခုတို့၏ ချိန်ဆတွက်ထားသည့် ပျမ်းမျှဂဏန်း ဖြစ်သည်– အော်ဒါသစ်များ (၃၀%)၊ ထုတ်လုပ်မှု (၂၅%)၊ အလုပ်နေရာ (၂၀%)၊ ပစ္စည်းပေးသွင်းသူတို့၏ ပေးသွင်းမှု ကြာမြင့်ချိန်များ (၁၅%) နှင့် သိုလှောင်ထားသည့် ထည့်ကုန်များ (၁၀%)။ PMI ကို တွက်ချက်နိုင်ရန် ပစ္စည်းပေးသွင်းသူတို့၏ ပေးသွင်းမှု ကြာမြင့်ချိန်များ အညွှန်းကို အခြား အညွှန်းကိန်းများနှင့် ယှဉ်ရနိုင်အောင် ဦးတည်ချက်ကို ပြောင်းပေးထားပါသည်။

ကောက်ယူထားသည့် စစ်တမ်း ဒေတာကို ထုတ်ပြန်မှု နောက်ပိုင်းတွင် ပြန်လည် ပြင်ဆင်ခြင်း မရှိသော်လည်း ရာသီအလိုက် ညှိပေးရမည့် အချက်များကိုမူ အချိန်အခါအလိုက် ညှိပေးနိုင်သောကြောင့် ရာသီအလိုက်ညှိထားသည့် စစ်တမ်း ဒေတာများအပေါ် သက်ရောက်မှု ရှိနိုင်ပါသည်။

PMI စစ်တမ်းကို တွက်ချက်နည်းဆိုင်ရာ နောက်ထပ် အချက်အလက်များ အတွက် ကျေးဇူးပြုပြီး economics@spglobal.com သို့ ဆက်သွယ်ပါ။

### S&P Global အကြောင်း

S&P Global သည် အရေးပါသည့် အချက်အလက်များကိုပေးပါသည်။ အစိုးရများ၊ စီးပွားရေး လုပ်ငန်းများ နှင့် လိုအပ်သူများအတွက် ကျွန်ုပ်တို့သည် မှန်ကန်သည့် ဒေတာ၊ ကျွမ်းကျင်မှုများ နှင့် ဆက်စပ် နည်းပညာကို တပ်ဆင်ပေးလျက် ယုံကြည်စိတ်ချရသည့် ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန် ထောက်ကူပေးပါသည်။ ကျွန်ုပ်တို့၏ သုံးစွဲသူတို့အား ရင်းနှီးမြှုပ်နှံမှုအသစ်များကို စိစစ်တန်ဖိုးဖြတ်နိုင်ရန် ကူညီပေးမှုမှအစ ESG နှင့် ပစ္စည်းပေးသွင်းရေး ကွင်းဆက်များတစ်ဝန်းမှာ စွမ်းအင်ကို ပုံစံပြောင်းပေးရာတွင် ၎င်းတို့အား လမ်းညွှန်ပေးခြင်းဖြင့် ကျွန်ုပ်တို့သည် အခွင့်အလမ်း အသစ်များကို ဖွင့်ထုတ်ပေးရင်း စိန်ခေါ်မှုများကို ဖြေရှင်းလျက် ကမ္ဘာကြီးအတွက် တိုးတက်မှုအရှိန်ကို တိုးမြှင့်ပေးကြပါသည်။

နိုင်ငံတကာ အရင်းအနှီး၊ ကုန်စည်နှင့် မော်တော်ယာဉ် ဈေးကွက်များတွင် ယုံကြည်စိတ်ချရမှု အဆင့်သတ်မှတ်ချက်များ၊ စံညွှန်းများ၊ ဆန်းစစ်လေ့လာမှုများနှင့် လုပ်ငန်းစီးဆင်းမှုဆိုင်ရာ ဖြေရှင်းနည်းများအတွက် ကမ္ဘာ့ထိပ်သီး အဖွဲ့အစည်း အများအပြားတို့က ကျွန်ုပ်တို့အား ရှာဖွေ ချဉ်းကပ်ကြရပါသည်။ ကျွန်ုပ်တို့သည် မိမိတို့၏ ကမ်းလှမ်းချက်တိုင်းဖြင့် ကမ္ဘာ့ထိပ်သီး အဖွဲ့အစည်းများအား အနာဂတ်အတွက်၊ ပစ္စုပ္ပန်အတွက် စီမံရေးဆွဲနိုင်ရန် ထောက်ကူပေးကြပါသည်။

### PMI အကြောင်း

ထည့်ကုန်ဝယ်ယူရေးမန်နေဂျာများ၏ အညွှန်းကိန်း (PMI®) စစ်တမ်းများကို ယခုအခါ နိုင်ငံပေါင်း ၄၀ ကျော်အပြင် ယူရိုဇုန်အတွင်းရှိ အထင်ကရ ဒေသများ အတွက်ပါ ထုတ်ပြန်ပေးနေပါသည်။ ၎င်းတို့မှာ ကမ္ဘာပေါ်တွင် အနီးကပ်ဆုံး စောင့်ကြည့်လေ့လာလျက်ရှိသည့် လုပ်ငန်းဆိုင်ရာ စစ်တမ်းများ ဖြစ်ကြပြီး ၎င်းတို့၏ စီးပွားရေးအတွက် ထူးခြားသည့် အလားအလာများဆိုင်ရာ လစဉ် အညွှန်းကိန်းများကို နောက်ဆုံး အချက်အလက်များနှင့်အညီ တိကျစွာ ညွှန်ပြပေးနိုင်စွမ်းကြောင့် ဗဟိုဘဏ်များ၊ ဘဏ္ဍာရေး ဈေးကွက်များနှင့် လုပ်ငန်းဆိုင်ရာ ဆုံးဖြတ်ချက်များကို ချမှတ်ပေးကြသူတို့ အားကိုးကြရပါသည်။ spglobal.com/marketintelligence/en/mi/products/pmi

### မသက်ဆိုင်ကြောင်း ကြေညာချက်

ဤနေရာတွင် ဖော်ပြထားသည့် ဒေတာ၏ ဉာဏပစ္စည်း ပိုင်ဆိုင်မှု မူပိုင်ခွင့်များကို S&P Global နှင့်/သို့မဟုတ် ၎င်း၏ လုပ်ငန်းခွဲများမှ ပိုင်ဆိုင်သည် သို့မဟုတ် လိုင်စင်ရထားသည်။ S&P Global ထံမှ ကြိုတင် ခွင့်ပြုချက် မရယူဘဲ ဖော်ပြပါ ဒေတာကို မိတ္တူကူးခြင်း၊ ဖြန့်ချိခြင်း၊ ထုတ်လွှင့်ခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် အသုံးပြုမှု အပါအဝင်ကို၊ ၎င်းင်းတို့ဖြင့်သာ ကန့်သတ်ထားခြင်း မရှိဘဲ၊ တားမြစ်သည်။ ဤနေရာတွင် ပါရှိသည့် အကြောင်းအရာ သို့မဟုတ် အချက်အလက်များ ("ဒေတာ") အတွက်၊ ဒေတာထဲက အမှားများ၊ မတိကျမှုများ၊ ချန်လှပ်မှုများ သို့မဟုတ် ကြန့်ကြာမှုများ အတွက်၊ ၎င်းတို့နှင့် ဆက်စပ်ပြီး လုပ်ဆောင်ချက် တစ်ခုခု အတွက်၊ S&P Global ဘက်မှ မည်သို့မှ တာဝန်ခံမှု၊ တာဝန်ယူမှု သို့မဟုတ် ကတိပေးမှု မရှိပါ။ ဒေတာကို အသုံးပြုခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် အထူး၊ တိုက်ဆိုင်လျက် သို့မဟုတ် အကျိုးဆက်အဖြစ် နစ်နာမှုများ အတွက် မည်သည့်နည်းနှင့်မျှ S&P Global မှ တာဝန် မယူနိုင်ပါ။ Purchasing Managers' Index™ နှင့် PMI® မှာ S&P Global Inc ၏ ကုန်အမှတ်တံဆိပ်များ၊ မှတ်ပုံတင်ထားသည့် ကုန်အမှတ်တံဆိပ်များ ဖြစ်သည် သို့မဟုတ် S&P Global Inc နှင့်/သို့မဟုတ် ၎င်း၏ လုပ်ငန်းခွဲများက လိုင်စင်ရထားသည်။

ဤအကြောင်းအရာကို ထုတ်ပြန်ခဲ့သည်မှာ S&P Global Market Intelligence ဖြစ်ပြီး S&P Global မှ စီမံခန့်ခွဲပေးသည့် S&P Global Ratings မဟုတ်ပါ။ မည်သည့် အချက်အလက်၊ ဒေတာ သို့မဟုတ် ဖော်ပြချက်၊ အဆင့်သတ်မှတ်ချက်များ ("မာတိကာ")အား တစ်နည်းနည်းဖြင့် ကူးယူးဖော်ပြမှုကို၊ သက်ဆိုင်သူထံမှ ကြိုတင်ပြီး စာရေးခွင့်ပြုထားခြင်းမှအပ၊ တားမြစ်သည်။ ယင်းကဲ့သို့သော အဖွဲ့အစည်း၊ ၎င်းတို့၏ အဖွဲ့ခွဲများ နှင့် ပစ္စည်းပေးသွင်းသူများ ("အကြောင်းအရာများကို စီမံပေးသူများ")က မည်သည့် အကြောင်းအရာ၏ တိကျမှု၊ မှန်ကန်မှု၊ ပြည့်စုံမှု၊ အချိန်နှင့်ကိုက်ညီမှု သို့မဟုတ် ရရှိနိုင်မှုကို အာမမခံနိုင်ဘဲ မည်သည့် အကြောင်းကြောင့် ဖြစ်စေ၊ (ပေါ့ဆလျက် သို့မဟုတ် အခြားအကြောင်းကြောင့် ဖြစ်စေ) အမှား သို့မဟုတ် ချန်လှပ်ခဲ့မှု တစ်ခုခုအတွက် သို့မဟုတ် ထိုအကြောင်းအရာကို အသုံးပြုမှုမှ ပေါ်ထွန်းလာသည့် ရလဒ်များ အတွက် တာဝန်မယူနိုင်ပါ။ မည်သည့် အခြေအနေမျိုးတွင်မှ အကြောင်းအရာကို အသုံးပြုမှုနှင့် ဆက်စပ်ပြီး မည်သည့် နစ်နာမှုများ၊ ကုန်ကျမှုများ၊ စရိတ်စကများ၊ တရားဝင် အခနှုန်းများ သို့မဟုတ် ဆုံးရှုံးမှုများ (ဝင်ငွေ ဆုံးရှုံးမှုများ သို့မဟုတ် အမြတ်အစွန်း ဆုံးရှုံးမှုများ နှင့် အခွင့်အလမ်းဆိုင်ရာ ကုန်ကျမှုများ အပါအဝင်) အတွက် အကြောင်းအရာကို စီမံပေးသူတို့သည် တာဝန်မရှိနိုင်ပါ။

PMI®
by S&P Global

© 2025 S&P Global